# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

---

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်။

(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

## ၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေနှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး အက်ဥပဒေနှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၆ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည်။

၂။ ။(၁) အောက်ပါအက်ဥပဒေများကိုဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၁။ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ။

၂။ ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေ။

(၂) ယင်းသို့ ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

၃။ ။(၁) ပုဒ်မ ၂ အရ အက်ဥပဒေများကို ရုပ်သိမ်းစေကာမူ၊ ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေအရ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေအာဏာတည်ခြင်းမှ ရပ်ဆိုင်းထားသည့် ဒေသများတွင် ပြန်လည်တည်ရှိ၍၊ အကျိုးသက်ရောက်နေသည့် တည်ဆဲဖြစ်သော ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ထိုအက်ဥပဒေအရ ပြုထားသည့်နည်းဥပဒေများ၊ မြို့နိစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ထို အက်ဥပဒေအရပြုသည့် နည်းဥပဒေများသည်၊ ဆက်လက်တည်ရှိ၍ အကျိုးသက်ရောက်ရမည်။

(၂) ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေအရ ခန့်ထားခြင်း၊ သို့မဟုတ် အာဏာအပ်နှင်းခြင်း ခံရသူ၊ သို့မဟုတ် အဖွဲ့အစည်းများသည်၊ အစိုးရက အခြားနည်း မညွှန်ကြားသေးလျှင်သော်၎င်း၊ သက်ဆိုင်ရာ တည်ဆဲဘရားဥပဒေတခုခုအရ အာဏာပိုင်များကို မခန့်ထားသေးလျှင်၊ သို့မဟုတ် အာဏာမအပ်နှင်းသေးလျှင်သော်၎င်း၊ မိမိတို့အား အပ်နှင်းထားသည့်အာဏာများနှင့် ပေးအပ်ထားသော အလုပ်ဝတ်တရား တာဝန်ဝတ်တရားကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

၄။ ။၁၉၄၆ ခုနှစ်၊ ဒေသန္တရအာဏာပိုင်များ (ရပ်ဆိုင်းရေး) အက်ဥပဒေ The Local Authorities (Suspension) Act, 1946] သည်၊ အချို့သောဒေသန္တရအဖွဲ့များနှင့်စပ်လျဉ်း၍ အာဏာတည်ခြင်းမှ ရပ်စဲစေကာမူ၊ အဆိုပါ အက်ဥပဒေသည်၊ မည်သည့်အခါကမျှ၊ အာဏာတည်ခြင်းမှ မရပ်စဲဘိသကဲ့သို့ ဆက်လက်အာဏာတည်မြဲတည်လျက် ရှိရမည့်ပြင်၊ ယင်းသို့ အာဏာတည်ခြင်းမှ ရပ်စဲပြီးနောက် အဆိုပါ အက်ဥပဒေအရပြုလုပ်သည့် ဆောင်ရွက်ချက်များမှာလည်း တရားဝင်ခိုင်မြဲသည်ဟုမှတ်ယူရမည်။

၅။ ။ပုဒ်မ ၂ (၁) တွင် ဖော်ပြသည့် အက်ဥပဒေများ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲတရားဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခုထမြောက်အောင်မြင်အောင်ဆောင်ရွက်ရာတွင် အခက်အခဲပေါ်ပေါက်လာလျှင်၊ အစိုးရသည်၊ ထိုအခက်အခဲ ပပျောက်ရန်အလို့ငှါ အကြောင်းအားလျော်စွာ၊ အမိန့်ဖြင့်၊ လိုအပ်သည်ထင်မြင်သော မည်သည့်ဆောင်ရွက်ချက်ကိုမဆို ပြုလုပ်ဆောင်ရွက်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။